၁၃-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၄၅၆၀ | ၄၅၀၅ | - | ၄၈၃၀ | | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၄၆၀၀ | - | - | ၄၆၀၀ | ၅၈၃၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၁၀၀ | ၃၀၄၀ | ၂၉၇၅ | ၂၅၃၅ | ၃၁၁၅ | ၅၈၂၀၀၀၀ | |
| ၅ | လွိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၃၀၄၀ | ၂၉၉၀ | ၂၅၂၅ | ၃၀၉၅ | ၇၇၃၀၀၀၀ | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၃၀၆၀ | ၂၉၉၅ | ၂၅၅၅ | ၃၁၃၅ | ၇၈၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၀၃၀ | ၃၀၀၅ | ၂၉၄၀ | ၂၅၀၀ | ၃၀၈၀ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ↓၃၃၀၀ | | ↓၅၈၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၃၀၅၀ | ၂၉၈၅ | ၂၅၄၅ | ၃၁၂၅ | ၇၉၀၀၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၆၉၅ | ၃၉၀၀ | ၃၀၀၀ | ၃၁၀၀ | ၃၁၅၀ | ၈၀၀၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၆၀၀ | ၂၉၁၅ | ၂၈၅၀ | ၂၄၁၀ | ၂၉၉၀ | ၅၈၅၀၀၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၅၀ | ၂၉၈၅ | ၂၉၂၀ | ၂၄၈၀ | ၃၀၆၀ | ၇၉၀၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၃၃၂၀ | ၃၂၅၀ | ၂၈၁၅ | ၃၃၉၅ | ၇၇၈၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၇၀၀ | | ↑၆၃၀၀ | ၁၈၀၀၀ | ၇၂၅၀ | ၃၀၇၀ | ၃၀၀၀ | ၂၅၆၀ | ၃၁၄၀ | ၅၈၂၀၀၀၀ | |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၈၅၀၀ | ၇၂၇၅ | ၃၀၃၀ | ၂၉၆၀ | ၂၅၂၅ | ၃၁၀၅ | ၅၈၅၀၀၀၀ | |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၈၀၀ | ၇၃၀၀ | ၃၀၃၅ | ၂၉၇၀ | ၂၅၃၀ | ၃၁၁၀ | ၇၆၀၀၀၀၀ | |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၂၅၃၀ | ၃၁၁၀ | ၅၈၂၀၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၉၅၅ | ၂၉၅၅ | ၂၉၀၀ | ၂၄၅၀ | ၃၀၁၅ | ၅၇၁၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၉၅၅ | ၂၉၃၀ | ၂၈၆၅ | ၂၄၂၅ | ၃၀၀၅ | ၅၇၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၈၆၀၀ | ၆၈၈၅ | ၂၉၉၅ | ၂၉၃၀ | ၂၄၉၀ | ၃၀၇၀ | ၅၈၅၀၀၀၀ | |
| ၂၁ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၈၈၀၀ | ၆၈၈၅ | ၂၉၉၅ | ၂၉၃၀ | ၂၄၉၀ | ၃၀၇၀ | ၅၈၅၀၀၀၀ | |
| ၂၂ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ↓၁၁၀၀၀ | ၄၀၄၅ | ၃၉၉၅ | ၃၄၅၀ | ၄၀၂၀ | ၇၃၀၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ

# The Consumer Affairs News Letter

Monthly News Letter | May 2025 | Department of Consumer Affairs

## စားသုံးသူကာကွယ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၈-၄-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပြည်တွင်း၊ ပြည်ပမိတ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၃

၂။ စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၃

၃။ အွန်လိုင်းမှတစ်ဆင့် မော်တော်ယာဉ်ရောင်းချမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ အီလက်ထရောနစ်ဆိုင်မှ TV ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၅

၆။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၇။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၈။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးလျက်ရှိသကဲ့သို့ အသိပညာပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိ

၉။ ၂၀၂၅ခုနှစ်၊ ဧပြီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၀။ ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၂

၁၁။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၂။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၃။ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှု

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၇

၁၄။ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် ဧပြီလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ

**ကုန်သွယ်မှုကဏ္ဍ** ၁၈

၁၅။ မက္ကဒေးမီးယားအကြောင်းသိကောင်းစရာ




*စာမျက်နှာ ၁၈ မှအဆက်*

အသီးများအား ခွဲခြားရမည်။ ရေတွင်ပေါ်နေသော အသီးများတွင် မရင့်မှည့်သော အသီးများ၊ ထိခိုက်ပျက်စီးထားသော အသီးများနှင့်အတူ ရေဓာတ်ပါဝင်မှု နည်းပါးသော ရင့်မှည့်ပြီးအသီးများ ရောနှောပါဝင်နိုင်မှုကြောင့် ၎င်းတို့အား ရေထပ်စိမ်၍ ခွဲခြားပေးရန် လိုအပ်ပါသည်။ အသီးအပြင်ခွံကို ပုံမှန်အားဖြင့် စိုက်ကွင်းတွက်ခွဲထုတ်ပြီးနောက် အခြောက်ခံရန်အတွက် ထုတ်လုပ်သူများသို့ ပို့ဆောင်ပါသည်။ အမျှင်များသော အသီးအပြင်ခွံကို ပင်ခြေတွင်ဖြန့်၍ မြေဆီလွှာဖုံးအုပ်ထိန်းသိမ်းရန် ပြန်လည်အသုံးပြုနိုင်ပါသည်။

**မက္ကဒေးမီးယားရင့်မှည့်မှုအားစမ်းသပ်ခြင်း**

မက္ကဒေးမီးယား၏ ရင့်မှည့်မှုအားသိရှိရန် စမ်းသပ်ရာတွင် ရိုးရှင်းသည့်နည်းလမ်းမှာ အခွံစိမ်းချွတ်ထားသည့် အဆံပါ အခွံညိုသီး (၅၀၀) ဂရမ်အား ရေစိမ်၍ စမ်းသပ်ခြင်းဖြစ်ပါသည်။ အဆံပါ အခွံမာသီးအား ရေဓာတ်ပါဝင်မှု ၁၂ သမ ၁၇ ရာခိုင်နှုန်းသို့ ရောက်အောင် အခြောက်ခံ၍ ရေစိမ်ရပါမည်။ အသီးများရင့်မှည့်ပါက ရေစိမ်သည့်အသီးများ၏ ၉၄ ရာခိုင်နှုန်းခန့် ရေတွင်နစ်မြုပ်နေမည်ဖြစ်ပါသည်။

အနည်းငယ်ရှုပ်ထွေးမှုရှိသော်လည်း ရင့်မှည့်မှုကို ပိုမိုတိကျစွာသိရှိနိုင်သည့် နည်းလမ်းမှာ အစိုဓာတ် ၁ သမ ၅ ရာခိုင်နှုန်း ထိရောက်အောင် အခြောက်ခံထားသည့် ရင့်မှည့်သော အဆံ၏ သိပ်သည်းဆသည် ၁ ထက်လျော့နည်းကာ ရေတွင်ပေါ်သည့် အခြေခံ သဘောတရားနိယာမအား အခြေခံစမ်းသပ်ခြင်းဖြစ်ပါသည်။ မက္ကဒေးမီးယားအဆံပါ အခွံမာသီး ၅၀၀ ဂရမ်အား အိမ်သုံးမီးဖိုအတွင်း အပူချိန် ၉၀ ဒီဂရီစင်တီဂရိတ်တွင် ၂၄ နာရီထားပြီး ရေဓာတ် ၁ သမ ၅ ရာခိုင်နှုန်းသို့ ရောက်အောင် အခြောက်ခံပါ။ ထို့နောက် အခွံမာသီးအား ခွဲ၍ အဆံအား ထုတ်ယူကာ ရေတွင်စိမ်ပါ။ အသီးများ ရင့်မှည့်ပါက ရေစိမ်သည့်အဆံများ၏ ၆၄ ရာခိုင်နှုန်းခန့် ရေတွင် ပေါ်နေပါက အသီးများ ရင့်မှည့်ပြီဖြစ်ပါသည်။

**မက္ကဒေးမီးယားပင်၏ အသုံးဝင်ပုံ**

မက္ကဒေးမီးယားပင်မှ ထွက်ရှိသော အစေ့ဆံသည် ကျန်းမာရေးအတွက် အကျိုးပြုသော သီးနှံတစ်မျိုးဖြစ်ပါသည်။ မက္ကဒေးမီးယားအဆံသည် အဖြူရောင် အစေ့ဆံ ဖြစ်ပြီး ဆီ၊ ပရိုတိန်း၊ သကြားဓာတ်နှင့် ကာဘိုဟိုက်ဒ ရိုက်များ ပါဝင်ပါသည်။ ကိုလက်စထရော ဓာတ်နည်းပြီး အရသာ အထူးကောင်းမွန်သောကြောင့် ကမ္ဘာအနှံ့အပြားတွင် စားသုံးရန်ပထမအဆင့် (Nut) အဖြစ် အသိ အမှတ်ပြုထားပါသည်။ မက္ကဒေးမီးယား အဆံကို ပုံမှန် စားသုံးခြင်းဖြင့် သွေးထဲမှ အဆီဓာတ်ကို လျှော့ကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ပါးစေနိုင်ကြောင်း သိရှိရပါသည်။ မက္ကဒေးမီးယားအဆံကို လှော်၍ဖြစ်စေ၊ အနံ့အရသာ အမျိုးမျိုးဖြင့် ထုတ်ပိုး၍ဖြစ်စေ၊ ချောကလက်၊ ရေခဲမုန့် စသည်တို့တွင် ထည့်သွင်း၍ဖြစ်စေ၊ စားသုံးဆီ အဖြစ် ကြိတ်ခွဲ၍ဖြစ်စေ စားသုံးကြပါသည်။ ထို့အပြင် မက္ကဒေးမီးယားစိုက်ခင်းများအတွင်း ပျားမွေးမြူ၍ ပျားရည်ထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**Source:** ရှမ်းပြည်နယ်ဦးစီးမှူးရုံး

## ကုန်သွယ်မှုကဏ္ဍ

### မက္ကဒေးမီးယားအကြောင်းသိကောင်းစရာ

**မက္ကဒေးမီးယားပင်၏ သဘောသဘာဝ**

မက္ကဒေးမီးယားပင်၏ အင်္ဂလိပ်အမည်မှာ Macadamia ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Macadamia integrifolia (smoot shell) နှင့် Macadamia tetraphylla (roujh shell) တို့ဖြစ်ပါသည်။ မူရင်းဒေသမှာ ဩစတြေးလျတိုက် Queensland ဒေသနှင့် New South Wales ကမ်းရိုးတန်းဒေသတို့ဖြစ်ပါသည်။ အချို့က Queensland Nut ဟု ခေါ်ကြပါသည်။ ၁၈၈၀ ပြည့်လွန်နှစ်များတွင် ဟာဝိုင်ရီကျွန်းသို့ တင်သွင်း စိုက်ပျိုးခဲ့ပြီး ၁၉၃၀ ပြည့်နှစ်နောက်ပိုင်းတွင် ဟာဝိုင်ရီတက္ကသိုလ်က စီးပွားရေးတွက်ခြေကိုက်သော Dessent Nut မျိုးအဖြစ် စမ်းသပ်စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ ဟာဝိုင်ရီကျွန်းသည် ကမ္ဘာပေါ်တွင် မက္ကဒေးမီးယား (Nut) အများဆုံး ထုတ်လုပ်ရောင်းချသော ဒေသဖြစ်လာပြီး မက္ကဒေးမီးယားအဆံ၏ ကောင်းမွန်မှုသတင်းမှာ အဆိုပါ ကျွန်းသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များမှတစ်ဆင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခဲ့ပါသည်။

မက္ကဒေးမီးယားမျိုး အများအပြားရှိသည့်အနက် အဓိကမျိုးစိတ် ၂ မျိုးဖြစ်သည့် အခွံချော၍ အသီးလုံးပြီး အသီးကြီးမျိုး (Macadamia integrifolia) နှင့် အခွံကြမ်း၍ အသီးချွန်ပြီး အသီးသေးမျိုး (Macadamia tutropyla) တို့ကို အများအပြား စိုက်ပျိုးကြပါသည်။ ဈေးကွက်တွင် လူကြိုက်အများဆုံး မျိုးစိတ်မှာ



Macadamia integrifolia မျိုး ဖြစ်ပါသည်။ ယင်းမျိုးစိတ်သည် နွေးသမပိုင်းဒေသတွင် ဖြစ်ထွန်းပြီး အရည်အသွေးနှင့် အထွက်ကောင်းမျိုး အများအပြားရှိပါသည်။ မြန်မာနိုင်ငံတွင် မက္ကဒေးမီးယားသီးနှံကို ရှမ်းပြည်နယ်တွင် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြပါသည်။

**အခွံစိမ်းခွာခြင်း**

ကောက်ယူရရှိသော မက္ကဒေးမီးယားများအား ၂၄ နာရီအတွင်း အခွံစိမ်းနွှာစက်အား အသုံးပြု၍ အစိမ်းရောင်ရှိသည့်အပြင် အခွံချွတ်ပေးရမည်။ စက်ဖြင့် စုသိမ်းကောက်ယူထားသည့် အသီးများအား အခွံချွတ်ရာတွင် အခွံစိမ်းနွှာစက်အား ထိခိုက်မှုမရှိစေရန် အသီးများနှင့် အတူ ရောနှောပါဝင်လာသည့် ကျောက်ခဲ၊ သစ်ကိုင်းစသည့် ပြင်ပအမှုန်အမွှားများအား ဖယ်ရှားရှင်းလင်းထားရပါမည်။ ထို့နောက် အပြင်အခွံချွတ်ထားသော အသီးများအား ရေစိမ်၍ ရေတွင်နစ်မြုပ်နေသည့် ရင့်မှည့်အသီးများနှင့် ရေမျက်နှာပြင်တွင်ပေါ်နေသည့် မရင့်မှည့်သော

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့

စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက် နေ့က Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဌာနခွဲနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲတို့မှ သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင်လာမည့် (၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေး ညီလာခံကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် စားသုံးသူထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဖြေရှင်းဆောင်ရွက်မှု (မူကြမ်း) အပေါ် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုဆွေးနွေးချက်များ စသည်တို့အား ဆွေးနွေးပြောကြားခဲ့ကြပါသည်။

**Source: အာဆီယံ**

## စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

### အွန်လိုင်းမှတစ်ဆင့် မော်တော်ယာဉ်ရောင်းချမှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးရှိ ကားအရောင်းစင်တာ အွန်လိုင်း Page တစ်ခုသည် Brand New Honda CR-V ယာဉ်များအား ဆိုရှယ်မီဒီယာမှတဆင့် ကြော်ငြာရောင်းချလျက်ရှိရာ EV ကားသာ တင်သွင်းခွင့်ပြုထားချိန်ဖြစ်သဖြင့် မှန်ကန်မှုရှိ-မရှိ စိစစ်အရေးယူဆောင်ရွက်ပေးရန် စားသုံးသူတစ်ဦးက အကြောင်းကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ကားအရောင်းစင်တာမှ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို အသိပေးခြင်း ဆောင်ရွက်ခဲ့ကာ SKD (ပြည်တွင်းထုတ်မော်တော်ယာဉ်) စနစ်ဆိုပါကလည်း ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်ပေးရန် ပျက်ကွက်မှုကြောင့် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က) အရ သတိပေးခြင်း အမိန့်အား ချမှတ်ခဲ့ပါသည်။ အဆိုပါ ကားအရောင်းစင်တာများအား အွန်လိုင်းမှတဆင့် မော်တော်ယာဉ်များ ရောင်းချမည်ဆိုပါက အွန်လိုင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မော်တော်ယာဉ်ရောင်းချမှုများနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အီလက်ထရောနစ်ဆိုင်မှ TV ဝယ်ယူမှုနှင့် ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် အီလက်ထရောနစ်ဆိုင်တစ်ဆိုင်ထံမှ 25'' TV တစ်လုံးအား ငွေကျပ် ၈၅၀,၀၀၀/-ဖြင့် ဝယ်ယူခဲ့ပြီး အာမခံသက်တမ်းမကုန်ဆုံးမီ ပျက်စီးသွားသောကြောင့် ဆိုင်သို့ ပြုပြင်ရန် ပို့ဆောင်ပေးခဲ့ရာ ၃ လခန့်ကြာသည်အထိ ပြုပြင်ပေးခြင်းမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာပါကြောင်း၊ တိုင်ကြားမှုနှင့် ပတ်သက်၍ ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားခံရသော အီလက်ထရောနစ်ဆိုင်သို့ စာဖြင့်အကြောင်းကြား၍သော်လည်း ကောင်း၊ Viber မှစာပို့၍သော်လည်းကောင်း၊ အကြိမ်ကြိမ်ဆက်သွယ် ဆောင်ရွက်ခဲ့သော်လည်း လာရောက်ဖြေရှင်းမှုမရှိသည့်အတွက် ခရိုင်ဦးစီးမှူးရုံးမှ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့အား တိုင်းဦးစီးမှူးရုံးသို့ ခေါ်ယူခဲ့ရာတွင် တိုင်ကြားသူမှ တိုင်ကြားမှုအခြေအနေများအား လာရောက်ရှင်းလင်း ပြောကြားခဲ့သော်လည်း အီလက်ထရောနစ်ဆိုင်မှ လာရောက်ခြင်းမရှိသည့်အပြင် တိုင်ကြားသူထံသို့ TV အပ်နှံခြင်းမရှိသည်ကို သိရှိခဲ့ရသောကြောင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစာဖြင့် တင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သွားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သဖြင့် အီလက်ထရောနစ်ဆိုင်အား စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ ၅၂ (ဃ)အရ တိုင်ကြားသူထံသို့ TV အား ယခုအချိန်ထိ ပြန်လည်ပေးအပ်ခြင်းမရှိသည့်အတွက် ဝယ်ယူခဲ့သည့် TV တန်ဖိုး ငွေကျပ် ၈၅၀,၀၀၀/- မှ TV အသုံးပြုခဲ့သည့် ၆ လစာအား တစ်လလျှင် ငွေကျပ် ၃၀,၀၀၀/- သတ်မှတ်၍ ငွေကျပ် ၁၈၀,၀၀၀/- ကို နှုတ်ယူ၍ ကျန်ငွေကျပ် ၆၇၀,၀၀၀/-အား ပြန်လည်ပေးအပ်ရန် ချမှတ်ခဲ့ကြောင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခဲ့မှုအပေါ် အီလက်ထရောနစ်ဆိုင်မှ တိုင်ကြားသူတို့ ငွေကျပ် ၆၇၀,၀၀၀/- ကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သောကြောင့် တိုင်ကြားသူကငွေလက်ခံရရှိပြီး ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**



## ၂၀၂၅ ခုနှစ်၊ ဧပြီအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြ ခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း အသိပညာပေးဟောပြောပွဲကျင်းပခြင်း (၁၈၇) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်နှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၈၄) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း (၁) ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပညာပေး

### သတင်းအချက်အလက်၊ နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

## ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် ဧပြီလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း လုပ်ငန်းရှင်ပေါင်း ၄၈ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၆ မျိုး၊ စုစုပေါင်း နမူနာအရေအတွက် ၁၃၉ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၃၈၈ ခုကို ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ မာဒါဂက်စကာနှင့် ပြင်သစ်နိုင်ငံတို့သို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ နှမ်းနက်(သိပ္ပံ)၊ စွန်တာနီ၊ ဘိုကိတ်၊ ထောပတ်ပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ မတ်ပဲအခွံချွတ်ခွဲခြမ်း၊ ပဲတီစိမ်း အခွံချွတ်ခွဲခြမ်း၊ ကောက်ညှင်းဆန် (ဖြူ)၊ ကောက် ညှင်းဆန် (ညို)၊ ဆန်ကွဲ၊ ပဲလွန်း၊ ပဲယင်း၊ မုယောစပါးတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲ စမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၈၈ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၂၆ ခု၊ ဆီနှင့် ဆီထွက် သီးနှံ ဓာတ်ခွဲခန်းမှ ၂၄၂ ခု၊ သီးနှံဓာတု ဓာတ်ခွဲခန်း မှ ၂၆ ခု၊ သီးနှံရူပ ဓာတ်ခွဲခန်းမှ ၆ ခု၊ စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၃၈၈ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

*စာမျက်နှာ ၁၅ မှအဆက်*

ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မြစ်ကြီးနားမြို့၊ စက်မှုဇုံရပ်ကွက်နှင့် ရမ်ပူရပ်ကွက်မှ မုန့်တိုက်များရှိ လုပ်သားများ၊ မိုးညှင်းမြို့နယ် အရှေ့စုရပ်ကွက်နှင့် သာယာကုန်ကျေးရွာတို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်နှင့် ကုန်မျိုးစုံ ရောင်းချသည့်လုပ်ငန်းရှင်၊ မိုးညှင်းမြို့ရှိ ခန်းဝင်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မိုးညှင်းမြို့ ရန်ကင်းရပ်ကွက်ရှိ ပရိဘောဂပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား စီးပွားရေး လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်ခရိုင်အတွင်းရှိ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် သထုံခရိုင် ဘီလင်းမြို့နယ် ယဉ်ကျေးလိမ္မာသင်တန်းကျောင်းတို့ရှိ သင်တန်းသူသင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်ကိုလည်းကောင်း၊ သထုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကုန်းအညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ Talk Show အစီအစဉ်များကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်



များနှင့်တွေ့ဆုံခြင်း အနေဖြင့် မော်လမြိုင်မြို့ရှိ ဟင်းမွှေးမဆလာထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် အိုင်အိုဒင်းဆားထုတ်လုပ်သည့်လုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ် ကုလားဘီကျေးရွာရှိ သဘာဝမြေသြဇာလုပ်ငန်းရှင်၊ မုဒုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်၊ သထုံမြို့နယ်ရှိ ဆားလုပ်ငန်းရှင်နှင့် အွန်လိုင်းလုပ်ငန်းရှင်၊ ပေါင်မြို့နယ်ရှိ ဆီလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ပါ အခန်း (၁၈) အရ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန်၊ အွန်လိုင်းရောင်းချခြင်းအတွက် မှတ်ပုံတင်လိုင်စင်ပြုလုပ်ရန်နှင့် လိုင်စင်ပြုလုပ်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ကျိုင်းတုံမြို့ရှိ MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့် ဝတ္တရားများ၊ ကုန်စည်တစ်ခုကို ဝယ်ယူမည်ဆိုပါက စစ်ဆေးကြည့်ရှုရမည့် သိသင့်သိထိုက်သည့် အချက်များ၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြပါရှိရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးမများ



၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဧပြီလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | မတ်လ ဖြေရှင်းရန်ကျန် | ဧပြီလ | ပေါင်း | မတ်လကျန်မှ | ဧပြီလ ကုန်စည် | ဧပြီလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | | ၁ | | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၂ | ၁ | ၃ | | | | ၀ | ၃ | ၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၂ | | | | ၂ | | ၂ | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၂ | | | | ၂ | ၂ | ၂ | ၄ | ၁ | | | ၁ | ၃ | ၂၅.၀၀% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၁၅ | ၁၁ | ၅ | | | ၄၂ | ၁၆ | ၅၈ | ၆ | | ၂ | ၈ | ၅၀ | ၁၃.၇၉% |
| ၁၃ | ရှမ်း(တောင် )တောင်ကြီး | | | | | | | | | | | | | | | |
| ၁၄ | ရှမ်း(မြောက် )လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့ )ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | ၁ | | ၁ | | | ၁ | ၁ | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၁ | ၁ | | | | ၂ | ၁ | ၃ | | | | ၀ | ၃ | ၀.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၂ | ၂၂ | ၁၄ | ၆ | ၀ | ၄ | ၄၉ | ၂၄ | ၇၃ | ၈ | ၀ | ၂ | ၁၀ | ၆၃ | ၁၃.၇၀% |
| | | ၂၄ | | ၂၄ | | | | | | | | ၂ | | | | |

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်မှုများ အနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကုန်စည်များ ဝယ်ယူအသုံးပြုရာတွင် ယင်းကုန်စည်နှင့် ပတ်သတ်သည့် သတင်းအချက်အလက်များ ပြည်စုံစွာ ရရှိနိုင်ပြီး စားသုံးသူ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ကုန်စည်များအား ရွေးချယ်ဝယ်ယူနိုင်စေရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေပါ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြမှု ရှိ-မရှိ၊ ဌာန၏ အတည်ပြုချက် ရယူရန်တင်ပြလာပါက ဌာနမှ

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှအဆက်*

ဥပဒေနှင့်ကိုက်ညီမှု ရှိ-မရှိ စိစစ်ပြန်ကြားပေးနိုင်ရေးတို့ကို ဆွေးနွေးအသိပေးပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာနများမှလည်း သတ်မှတ်လိုင်စင်များ ရှိ-မရှိ ၊ လိုင်စင်လျှောက်ထားနိုင်ရေး၊ သက်တမ်းကုန်လိုင်စင်များအား သက်တမ်းတိုးဆောင်ရွက်နိုင်ရေး၊ စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်သည့် ကုန်စည်များအား ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ဈေးများ၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ jr w fNkay: &Saq ;q kdf sm? u kpk kdf sm,ESh Super Market များ၊ ကော့သောင်းမြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များအား စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှု ရှိ-မရှိ သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ ဆန်ဈေးနှုန်းများ၊ ဘိလပ်မြေဈေးနှုန်းများ၊ ဓာတ်မြေသြဇာဈေးနှုန်းများ၊ သက်ဆိုင်ရာ ထောက်ခံချက်များပါရှိမှု ရှိ-မရှိ စစ်ဆေးခြင်းနှင့် အသိပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** လက်ပံတန်းမြို့ မြို့မဈေးအပြင်တန်းနှင့် ရွှေတောင်မြို့ တည်ကုန်း တောင်ပိုင်းရှိ ကုန်မျိုးစုံဆိုင်များ၊ ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် ယွန်းတန်းလမ်းရှိ ဆန်စက်၊ နတ်တလင်းမြို့နယ်အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ-မရှိ စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်သည့် ကုန်စည်များအား ရောင်းချခြင်း




ရှိ-မရှိ၊ စားအုန်းဆီ ခွဲတမ်းရရှိသည့် ဆီများအား ရောင်းချရာတွင် သတ်မှတ်ဈေးထက် ကျော်လွန် မရောင်းချရန် အလေးချိန်မှန်ကန်စွာ ရောင်းချပေးခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်/သုံးစွဲရန် မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် ၈ ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် ၁၈ ကြိမ်၊ စက်ရုံ/အလုပ်ရုံများတွင် ၂၄ ကြိမ်၊ စုစုပေါင်း ၅၀ ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် ၃ ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် ၇ ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် ၃ ကြိမ်၊ စုစုပေါင်း ၁၃ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှအဆက်*

**ဧရာဝတီဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဦးစီးမှူးရုံးတွင် ဘဏ္ဍာဝန်ထမ်းများ၊ ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသင်တန်းကျောင်းနှင့် ဝါးခယ်မမြို့နယ် ရွှေခယ်သီရိခန်းမ၌ ဖွင့်လှစ်သော နွေရာသီအားကစားသင်တန်းတို့ရှိ သင်တန်းသားများ၊ ပုသိမ် မြို့နယ် တွန်ပလွန်ကျေးရွာနှင့် သာပေါင်းမြို့နယ် အိုးဘိုကျေးရွာတို့ရှိ စားသုံးသူပြည်သူများ၊ ဒေးဒရဲမြို့ အ. ထ. က ကျောင်းနှင့် လပွတ္တာမြို့နယ် လူငယ်အားမာန်ကျောင်းတို့ရှိ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ အိမ်မဲမြို့နယ် ပါရမီတောင့်ကျေးရွာရှိ စားသုံးသူပြည်သူများ၊ မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာ အ. ထ. ကကျောင်းရှိ ကြက်ခြေနီ သင်တန်းသူ သင်တန်းသားများ၊ မော်လမြိုင်ကျွန်းမြို့နယ် ဖူထိကျေးရွာရှိ စားသုံးသူပြည်သူများ၊ ညောင်တုန်းမြို့နယ် (၈) ရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများ၊ ဓနုဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများ၊ အင်္ဂပူမြို့နယ် ဆုံကုန်းကျေးရွာအုပ်စုရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စားသုံးသူ အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ပုသိမ်မြို့ရှိ ဘိလပ်မြေလုပ်ငန်းရှင်များ၊ ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဘိလပ်မြေအရောင်းဆိုင်ပိုင်ရှင်များ၊ ဘုရားကြီးကုန်းရပ်ကွက်ရှိ စားသုံးဆီဆိုင်လုပ်ငန်းရှင်များ၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ သာပေါင်းမြို့နယ်ရှိ ဆန်စက်ပိုင်ရှင်များ၊ ဘိုကလေးမြို့ရှိ စားအုန်းဆီကိုယ်စားလှယ်များ၊ ကျိုက်လတ်မြို့ပေါ်ရှိ စားသုံးဆီကိုယ်စားလှယ်ဆိုင်များ၊ ဖျာပုံခရိုင်အတွင်းရှိ Delivery လုပ်ငန်းရှင်များ၊ မြောင်းမြခရိုင်ရှိ စားသောက်ကုန်လုပ်ငန်းရှင်များ၊ မအူပင်မြို့နယ်ရှိ မုန့်မျိုးစုံနှင့် အလှကုန်ရောင်းချသောလုပ်ငန်းရှင်များ၊ ဓနုဖြူမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များနှင့် ဘိလပ်မြေရောင်းချသော လုပ်ငန်းရှင်များ၊ ဇလွန်မြို့ လမ်းမတော်(မ) ရပ်ကွက်ရှိ အလှကုန်ဆိုင်၊ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ အင်္ဂပူမြို့နယ် ထူးကြီးမြို့ အမှတ်(၁) ရပ်ကွက်ရှိ ကုန်စုံရောင်းချသူ လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များကို ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဆောင်ရွက်မှုအနေဖြင့်-

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှအဆက်*

သင်တန်းသူသင်တန်းသားများ၊ ပခုက္ကူမြို့နှင့် ဆိပ်ဖြူမြို့တို့ရှိ မိဘပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အတူ မြိုင်မြို့၊ ရေစကြိုမြို့၊ သရက်မြို့၊ ကံမမြို့၊ ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ မင်းဘူးမြို့၊ ဆိပ်ဖြူမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ တောင်တွင်းကြီးမြို့ရှိ သောက်ရေသန့်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့များ၊ သရက်မြို့၊ ကံမမြို့၊ အောင်လံမြို့၊ မင်းလှမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့များရှိ မုန့်မျိုးစုံဆိုင်၊ စတိုးဆိုင်၊ အလှကုန်ဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့များရှိ ဖုန်းနှင့်ဖုန်းပစ္စည်း အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ရေနံချောင်းမြို့များရှိ ဆန်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ လောင်စာဆီသုံးယာဉ်အရောင်းဆိုင်များ၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့၊ တောင်တွင်းကြီးမြို့များရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင် လုပ်ငန်းရှင်များ၊ မင်းဘူးမြို့နှင့် မြို့သစ်မြို့တို့ရှိ ဘိလပ်မြေအရောင်းဆိုင်လုပ်ငန်းရှင်များ၊ ကံမမြို့ရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ သတ်မှတ်ရည်ညွှန်းဈေးထက် ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရေးနှင့် သိုလှောင်မှုမရှိစေရေး၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သာစည် မြို့နယ် ပေါက်တောကျေးရွာရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် နှစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ညောင်ဦးခရိုင် ဦးစီးမှူးရုံးတွင် မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံ၍ ကုန်အညွှန်းအမှတ် အသားပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြနိုင်ရေးနှင့် စက်မှုလုပ်ငန်းသုံး စားအုန်းဆီများကို အမှန်တကယ် အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုင်းဒေသကြီးဦးစီးမှူးရုံး၏ အစည်းအဝေးခန်းမ၌ အစားအသောက်ရောင်းချသော ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်များအား အစားအသောက်ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှအဆက်*

ကုန်အညွှန်းအမှတ် အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင် ၆ ဦးမှ တင်ပြလာသော ကုန်စည်အမျိုးအစား ၆ မျိုးတို့အား စားသုံးသူကာကွယ်ရေး ဥပဒေနှင့် ကိုက်ညီမှု ရှိ-မရှိ စိစစ်၍ ကိုက်ညီမှုရှိကြောင်း အတည်ပြုပြန်ကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မိတ္ထီလာမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ၊ မြင်းခြံမြို့ရှိ ကိတ်မုန့်၊ ပေါင်မုန့်လုပ်ငန်းများ၊ သာစည်မြို့နယ် ရေသန့်လုပ်ငန်းသို့ သွားရောက်၍ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုက်ကြီးမြို့နယ်အတွင်းရှိ ဘိလပ်မြေအရောင်းဆိုင်များ၊ သံနှင့်သံချောင်းရောင်းဝယ်သည့် အရောင်းဆိုင်ကြီးများ၊ ဒဂုံမြို့သစ်ခရိုင်၊ အရှေ့ဂုံမြို့နယ်ရှိ စည်ပင်သာယာဈေးအတွင်းရောင်းချနေသော ဆန်ဆိုင်ကြီးများနှင့် ကုန်မျိုးစုံဆိုင်များ၊ သာကေတမြို့နယ်ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ တာမွေမြို့နယ်ရှိ သံနှင့်သံချောင်းရောင်းဝယ်သည့် အရောင်းဆိုင်များ၊ မှော်ဘီမြို့မဈေးအတွင်းရှိ စားအုန်းဆီဆိုင်ကြီးများ၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး အထက်ပုစွန်တောင်လမ်းမရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်အား သွားရောက်၍ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ အခက်အခဲအကျပ်အတည်းများနှင့်ကြုံတွေ့နေရချိန်တွင် ဈေးနှုန်းမြင့်တင်မှု ရှိ-မရှိ၊ ဆီခွဲတမ်းများကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချနေမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကျိုက်လတ်မြို့ရှိ ၉၉၉ မုန့်ဟင်းခါးဖိုလုပ်ငန်း၊ ဖျာပုံမြို့နယ်ရှိ ဆေးဝါးအရောင်းဆိုင်များ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဝါးခယ်မမြို့နယ် ရတနာဈေး၊ အိမ်မဲမြို့နယ်၊ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ် (၇) ရပ်ကွက်၊ မြောင်းမြမြို့နယ်တို့ရှိ ကုန်မျိုးစုံဆိုင်များ၊ မအူပင်ခရိုင် မအူပင်မြို့နယ် ပဲရောင်းဝယ်ရေးလုပ်ငန်း၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်တို့ရှိ စားသုံးသူဆီဆိုင်များ၊ မအူပင်မြို့၊ ပန်းတနော်မြို့၊ ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့ပေါ်တို့ရှိ ဆေးဆိုင်များ၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ မြို့မရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ရွာသစ်ရပ်ကွက်၊ ဘူတာလမ်းရှိ စတိုးဆိုင်များတို့တွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံခြင်းရှိ-မရှိ၊ အလေးချိန် တင်းတောင်းပြည့်မီစေရေး၊ အရည်အသွေးပြည့်မှီသော ပဲများကို ရန်ကုန်ဈေးကွက်တင်ပို့နိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်မှုများအနေဖြင့်-

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

စာမျက်နှာ ၇ မှအဆက်

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်၊ ပမ္မတီးရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ စက်မှုရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက်ဈေးတို့ရှိ ကုန်စုံဆိုင်များ၊ ရမ်ပူရပ်ကွက်ရှိ မုန့်တိုက်၊ မြို့သစ်ရပ်ကွက်ရှိ ဆေးဆိုင်၊ တပ်ကုန်းရပ်ကွက်ရှိ စတိုးဆိုင်၊ မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက်၊ မြို့မရပ်ကွက်၊ စိမ်းမြောက်ရပ်ကွက်၊ စိမ်းတောင်ရပ်ကွက်နှင့် အမှတ် (၁) စည်ပင်သာယာဈေး၊ အမှတ် (၂) စည်ပင်သာယာဈေးတို့ရှိ ကုန်စုံဆိုင်များ၊ အောင်သပြေရပ်ကွက်ရှိ သောက်ရေသန့်စက်ရုံ၊ မြို့မရပ်ကွက်ရှိ ဆေးဆိုင်၊ သာစည်ရပ်ကွက်နှင့် မြို့မရပ်ကွက်ရှိ စတိုးဆိုင်များသို့ သွားရောက်၍ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ မြို့ပေါ်နှင့် သီရိမင်္ဂလာဈေးတို့ရှိ စားသုံးဆီအမျိုးမျိုး ရောင်းချနေသော ကုန်စုံဆိုင်များတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားရှိရန်နှင့် သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှုရှိ-မရှိ စစ်ဆေးခဲ့ပြီး အသိပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ်ရှိ ဈေးကြိုဈေး၊ အမှတ် (၁) ဈေးကြီး၊ မုဒုံမြို့နယ်မြို့မ (၁) ရပ်ကွက်ရှိ လိုင်စင်ရ မုန့်လုပ်ငန်း၊ ချောင်းဆုံမြို့နယ်



အမှတ် (၂) ဈေး၊ သထုံခရိုင် ကျိုက်ထိုမြို့ပေါ်၊ ပေါင်မြို့နယ် တကဒါရပ်ကွက်၊ ဘီးလင်းမြို့နယ် ဘိုးရာဇာရပ်ကွက်၊ ဘိုးလှကြီးရပ်ကွက်နှင့် ပေါင်မြို့နယ် ကတွန်ကျေးရွာတို့ရှိ ကုန်စုံဆိုင်များ၊ မော်လမြိုင်မြို့ပေါ်ရှိ လိုင်စင်ရဆေးဆိုင်များ၊ ကျိုက်မရောမြို့နယ်ရှိ မြို့မဈေးနှင့် ချောင်းဆုံမြို့နယ် အမှတ် (၂) မြို့မဈေးတို့ရှိ လိုင်စင်ရဆေးဆိုင်များ၊ မော်လမြိုင်မြို့ပေါ်ရှိ ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းအရောင်းစင်တာဆိုင်၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ ရေးမြို့နယ်ဈေးနှင့် ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်ကြီးများနှင့် သထုံမြို့ပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဆိုင်များ၊ ပေါင်မြို့နယ် မင်္ဂလာဈေးရှိ ကုန်မာဆိုင်များ၊ ကျိုက်မရောမြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ချောင်းဆုံမြို့နယ်ရှိ အမှတ် (၂) မြို့မဈေး၊ မော်လမြိုင်မြို့နယ်ရှိ အမှတ် (၁) ဈေးကြီးနှင့် သထုံမြို့နယ် သုဝဏ္ဏရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ပေါင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီလင်းမြို့နယ်တွင် ဖြန့်ဖြူးရောင်းချနေသော စားသုံးဆီအရောင်းဆိုင်များ၊ သထုံမြို့နယ်ရှိ အစားအသောက်ဆိုင်များ၊ ဘီးလင်းမြို့နယ် စားအုန်းဆီ ကုမ္ပဏီများသို့ သွားရောက်၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး

စာမျက်နှာ ၉ ကော်လံ ၁ သို့



စာမျက်နှာ ၁၂ မှအဆက်

တိုင်းဒေသကြီးဦးစီးမှူးရုံးက ၁ ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးက ၄ ကြိမ်၊ ကသာခရိုင်ဦးစီးမှူးရုံးက၂ ကြိမ်၊ ကန့်ဘလူမြို့နယ်တာဝန်ခံရုံးက ၃ ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးက ၄ ကြိမ်၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးက ၂ ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးက ၄ ကြိမ်၊ စုစုပေါင်း (၂၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့၊ မြိတ်မြို့၊ ကော့သောင်းမြို့တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများအကြောင်း ဟောပြောဆွေးနွေးခဲ့ရာ အွန်လိုင်းရောင်းဝယ်မှုနှင့် ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများကို ထည့်သွင်းအသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တောင်ငူခရိုင် အုတ်တွင်းမြို့နယ် နွေရာသီကျောင်းပိတ်ရက် ကိုယ်ကာယ ကြံ့ခိုင်မှုအခြေခံ Fitness Dance သင်တန်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် တောင်ငူခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဆီကုန်သည်များ၊ သာယာဝတီခရိုင် လက်ပံတန်းမြို့ရှိ ကရေကရာ ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု ခပေါင်းဈေးနှင့် ဈေးပြင်ပကုန်စုံဆိုင်ပိုင်ရှင်များအား ကုန်အညွှန်းအမှတ်အသားများ ပြည်စုံမှန်ကန်စွာဖော်ပြရေး၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ အွန်လိုင်းရောင်းချခြင်းနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် သိရှိလိုက်နာရမည့်အချက်များ အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ချောက်မြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၊ ချောက်မြို့နယ် အုံမြားကြီးကျေးရွာနှင့် ရေနံချောင်းမြို့ အိုးဘိုရပ်၊ မြို့သစ်မြို့ကွက်သစ်ရပ်တို့ရှိ စားသုံးသူပြည်သူများ၊ ရေနံချောင်းမြို့၊ မကွေးမြို့ မင်းဘူးမြို့၊ ပွင့်ဖြူမြို့တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် တောင်တွင်းကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးနှင့်ရပ်ကျေးစာရေးများ၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့ မြို့မဈေးရှိ စားသုံးသူပြည်သူများ၊ သရက်ခရိုင် မင်းလှမြို့ စည်ပင်သာယာဈေးရှိ ဈေးသူဈေးသားများ၊ အောင်လံမြို့နယ် ကြည်ရပ်ကုန်းကျေးရွာရှိ မိဘပြည်သူများ၊ ဆိပ်ဖြူမြို့ အ. ထ. ကကျောင်းရှိ ကြက်ခြေနီ သင်တန်းမှ

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

*စာမျက်နှာ ၁၁ မှအဆက်*

| ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ | | | | | |
|---|---|---|---|---|---|
| | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၄၉ | ၁၃၀ | ၄၈ | ၁၂၆ |
| ၂။ | ဖေဖော်ဝါရီလ | ၉၉ | ၂၇၃ | ၉၉ | ၂၇၃ |
| ၃။ | မတ်လ | ၅၆ | ၁၃၆ | ၅၆ | ၁၃၆ |
| ၄။ | ဧပြီလ | ၄၆ | ၁၆၁ | ၄၆ | ၁၆၁ |
| စုစုပေါင်း | | ၂၅၀ | ၇၀၀ | ၂၄၉ | ၆၉၆ |

**Source:** ထုတ်လုံ

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်အကျိုး စီးပွားကာကွယ်ရေး၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး တို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလ အတွင်း ဆောင်ရွက်မှုအနေဖြင့်-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့ ရက်ကန်းသင်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကလေးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ကွန်ပျူတာသင်တန်းသား သင်တန်းသူများ၊ ဖောင်းပြင်မြို့နယ် အင်ကြင်းမြိုင် ရပ်ကွက်ရှိ ပြည်သူများ၊ ကျွန်းလှမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကန့်ဘလူမြို့၊ မြို့မဈေး တို့ရှိ စားသုံးသူပြည်သူများ၊ မုံရွာမြို့ ပြည်တော်သာရပ်ကွက် ပဲကြော်စက်ရုံရှိ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့နောက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ခဲ့ရာ

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှအဆက်*

ကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) အရ ကုန်စည်တွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားမှု ရှိ-မရှိ၊ တားမြစ်ထားသော ကုန်ပစ္စည်းများ ရောင်းချမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါ သည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်လင်မြို့နှင့် နမ့်စန်မြို့ပေါ်တို့ရှိ ကုန်စုံဆိုင်များနှင့် စားအုန်းဆီရောင်းချနေသော အရောင်းဆိုင်များ၊ နမ့်စန်မြို့ပေါ်ရှိ ဆန်လက်လီ လက်ကားရောင်းချနေသော ဆန်အရောင်းဆိုင်များ၊ ပင်လုံမြို့နှင့် နမ့်စန်မြို့ပေါ်တို့ရှိ မုန့်လုပ်ငန်းများ၊ ကျိုင်းတုံမြို့ရှိ ပါလဲ့ချန်၊ ရပ်ကွက် (၂) နှင့်ကုမ္ပဏီအတွင်း ရောင်းချသော အအေးခဲစားသောက်ကုန်များ၊ တာချီလိတ် မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်မိုင်ရှာ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၁)၊ ရပ်ကွက် (၂) နောင်ကျောက်ရပ်ကွက်၊ ရပ်ကွက် (၃) မြို့သစ်ရပ် ကွက်နှင့် လေယာဉ်ကွင်းလမ်းအတွင်းတို့ရှိ သောက်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းများ၊ တာချီလိတ်မြို့ ပါလျံ (၁) ရပ်ကွက်၊ ပါလျံ (၂) တော်ကော့ ရပ်ကွက်နှင့် ဝိန်းကျောက်ရပ်ကွက်၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တို့ရှိ ဂျုံခေါက်ဆွဲလုပ်ငန်းများ၊ ကျိုင်းတုံမြို့ လေယာဉ်ကွင်းလမ်းရှိ စားသောက်ဆိုင်များ၊ ရပ်ကွက် (၄) စွန်ဝပ်ရပ်အတွင်းရှိ မုန့်တီခြောက် ထုတ်လုပ်သည့်လုပ်ငန်းတို့ထံ သွားရောက် ကွင်းဆင်း စစ်ဆေးခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားသည့် ကုန်စည်များကိုသာ ဈေးကွက်အတွင်း တင်သွင်း ရောင်းချရန်၊ ဆန်ဆိုင်များမှ သက်ဆိုင်ရာဌာနတို့၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်၊ အအေးခဲစားသောက်ကုန်များအား သယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူး ရောင်းချရာတွင် စနစ်တကျထားရှိစေရေးကို အလေးထားဆောင်ရွက်ရန်၊ သန့်ရှင်းလတ်ဆတ်သော အအေးခဲစားသောက်ကုန်များကိုသာ ရောင်းချရန် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန်၊ အစားအသောက်များ ချက်ပြုတ်ရာတွင် သက်ဆိုင်သည့် အထောက်အကူပြုပစ္စည်းများ၊ စားသောက်ကုန်ကြမ်းများအား သန့်ရှင်းသပ်ရပ်စွာထားရန်၊ ချက်ပြုတ်သည့် စားဖိုမှူးများ၏ တစ်ကိုယ်ရည်သန့်ရှင်းရေးအား အလေးထားဆောင်ရွက်ရန်၊ စားသောက်ဆိုင်၏ မီနူးတွင် ဈေးနှုန်းများ ဖော်ပြထားရန်နှင့် ကုန်ကြမ်းများ စနစ်တကျသိုလှောင်ရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၁၀) ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

### Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးလျက်ရှိသကဲ့သို့ အသိပညာပေးခြင်းများလည်း ဆောင်ရွက်လျက်ရှိ

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ်

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့်အချက် အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ်အသိပညာပေး ဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာ ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဧပြီလ အတွင်း-

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မန္တလေးမြို့ပေါ်ရှိ Online Sale မှတ်ပုံတင်လျှောက်ထားသည့် လုပ်ငန်း ၁၉ ခုမှ လျှောက်ထားသည့် ကုန်စည်များဖြစ်သော လက်ဝတ်ရတနာပစ္စည်းများ၊ ဖန်စီပစ္စည်း၊ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများ၊ ယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ အခြားသုံးပစ္စည်း၊ ပညာရေးနှင့် သင်ကြားရေးဝန်ဆောင်မှု၊ စာပေနှင့်အနု ပညာဝန်ဆောင်မှု လုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်များနှင့် လူသုံးကုန်များစသည့်လုပ်ငန်းများအား မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ Online Sale မှတ်ပုံတင်လျှောက်ထားသည့် မြေပြင်စစ်ဆေးရမည့်လုပ်ငန်း ၁၆၁ ခုရှိရာ လုပ်ငန်း (၁၄၃) ခုအား မြေပြင်စစ်ဆေးခဲ့ပြီး တင်ပြဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရန်ကျန်ရှိနေသော Online Sale မှတ်ပုံတင်လျှောက်ထားသည့် လုပ်ငန်းများအား ဆက်လက်စစ်ဆေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ် သီရိမင်္ဂလာအိမ်ရာရှိ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် သထုံမြို့နယ် အမှတ် (၁၀၆) ဆေးရုံလမ်း အောက်ကျင်းရပ်ကွက်နှင့် အမှတ် (၃၅၄) မြသပိတ်ဘုရားလမ်း နန်းခဲရပ်ကွက်ရှိ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အခြားပစ္စည်းများရောင်းချလျက်ရှိသော ဆိုင်များသို့ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း လုပ်ငန်းအမှန်တကယ်တည်ရှိခြင်း ရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ရောင်းချရန်တင်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားအတိုင်း မြေပြင်တွင် အမှန်တကယ်ရောင်းချနေသော စာရင်း ကိုက်ညီမှု ရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်ဖောက်ဖျက်မှု ရှိ-မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်ရှိ အလှကုန်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်၊ မိုးညှင်းမြို့ ရင်ကင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားရှိမှု အခြေ အနေ၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၃ အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လိုသူသည် မှတ်ပုံတင်လျှောက်ထားရန်နှင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကိုက်ညီ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှအဆက်*

ရမည့်အချက်များ၊ အထောက်အထားများ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည့် အခြေအနေ၊ မှတ်တင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဆိုင်ရာအကြောင်းအရာများ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချခြင်းမပြုရန်နှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက်ရှိ အွန်လိုင်းရောင်းချမှုလုပ်ငန်းရှင်နှင့် တွေ့ဆုံ၍ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အွန်လိုင်းမှတဆင့် လိမ်လည်မှုများ မဖြစ်ပွားရအောင် လိုက်နာရမည့်အချက်များကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source:**တိုင်း/ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု ၂၁၂၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်လုံ

## ၂၀၂၅ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက် ပေးလျက်ရှိရာ၂၀၂၅ ခုနှစ် ဧပြီလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို တစ်ဖက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*